**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

**အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (E-Filing Management System) ကို အသုံးပြု၍ နှစ်ချုပ်ကြေညာလွှာများတင်သွင်းရာတွင် သတ်မှတ်သည့် နောက်ဆုံးနေ့ရက်မတိုင်မီ တင်သွင်းနိုင်ပါရန် အသိပေးနှိုးဆော်ချက်**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ အခွန်ကြေညာလွှာတင်သွင်းသည့်လုပ်ငန်းစဉ်တွင် လွယ်ကူလျင်မြန်စေရန် ရည်ရွယ်လျက် အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (E-Filing Management System) ကို အသုံးပြု၍ ကြေညာလွှာများတင်သွင်းနိုင်ရေး ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၂။ နှစ်ချုပ်ကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးနေ့ရက်မှာ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့ ဖြစ်ပါသည်။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် ရန်ကုန်မြို့ရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးတို့၏ အခွန်ထမ်းကုမ္ပဏီများအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့ထက် နောက်မကျဘဲ သက်ဆိုင်ရာအခွန်ရုံးများသို့ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (E-Filing Management System) ကိုသာအသုံးပြု၍ အခွန်ကြေညာလွှာများကို တင်သွင်းကြပါရန်နှင့် အခွန်ကြေညာလွှာတင်သွင်းရန် သတ်မှတ်ထားသည့် နောက်ဆုံးရက် Due Date တွင်မှ တင်သွင်းမည်ဆိုပါက အဆိုပါနေ့ရက်၌ (E-Filing Management System) စနစ်ကို ဝင်ရောက်အသုံးပြုသူ အလွန်များပြားသည့် အခြေအနေတွင် Internet Connection စနစ်ချိတ်ဆက်မှုမြန်နှုန်းကျဆင်းနိုင်ပါသဖြင့် အချက်အလက်ဖိုင်များ Upload တင်ရာတွင် အခက်အခဲမဖြစ်စေရန်အတွက် နှစ်ချုပ်ကြေညာလွှာများအား ဆောလျင်စွာတင်သွင်းကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန